လူသားသည် ငါအရှင်မြတ်အား မဟုတ်မမှန် ပြောဆိုသည်။

လူသားသည် ထိုသို့မပြောသင့်ပေ။ လူသားသည်

ငါအရှင်မြတ်အား စွပ်စွဲပြောဆိုသည်။ လူသားသည်

ထိုသို့မပြောသင့်ပေ။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။
အလ္လာဟ်အရှင်မြတ်မိန့်ကြားတော်မူသည်မှာ - လူသားသည် ငါအရှင်မြတ်အား မဟုတ်မမှန်ပြောဆိုသည်။ လူသားသည် ထိုသို့မပြောသင့်ပေ။ လူသားသည် ငါအရှင်မြတ်အား
စွပ်စွဲပြောဆိုသည်။ လူသားသည် ထိုသို့မပြောသင့်ပေ။ ငါအရှင်မြတ်အား လူသားသည်
မဟုတ်မမှန် ပြောဆိုသည့်ကိစ္စရပ်မှာ ငါအရှင်သည် မြတ်လူသားအား
စတင်ဖန်ဆင်းခဲ့သည့်အတိုင်း ကိယာမသ်နေ့၌ ပြန်လည်ဖန်ဆင်းရန်မတတ်စွမ်းနိုင်ပေဟုပြောခြင်းဖြစ်သည်။ (အရှင်မြတ်က ဤသို့တုန့်ပြန်တော်မူ၏)
စတင်ဖန်ဆင်းခဲ့သည့်အတိုင်းဖန်ဆင်းခြင်းထက် ကိယာမသ်နေ့၌ ပြန်လည်ဖန်ဆင်းရန်မှာအလွန်ပင်လွယ်ကူလှသည်။ လူသားသည် ငါအရှင်မြတ်အား စွပ်စွဲ ပြောဆိုသည့်ကိစ္စရပ်မှာငါအရှင်မြတ်ထံတော်တွင် သားသမီးရှိသည်ဟု ပြောဆိုခြင်းဖြစ်သည်။ (အရှင်မြတ်ကဤသို့တုန့်ပြန်တော်မူ၏) ငါအရှင်သည် တစ်ဆူတည်းတည်ရှိမူသောအရှင်၊
လိုလားတောင့်တခြင်းလုံးဝကင်းတော်မူသောအရှင်၊
သူတစ်ပါးတို့၏မှီခိုအားထားရာအရှင်ဖြစ်တော်မူပြီး ငါအရှင်မြတ်သည်
မည်သူတစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားတော်မူခဲ့သည်မဟုတ်၊
မည်သူတစ်ဦးတစ်ယောက်၏မွေးဖွားခြင်းကိုလည်း ခံခဲ့ရတော်မူသည်မဟုတ်ပါ။
ငါအရှင်မြတ်နှင့်ဂုဏ်ရည်တူသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင်မရှိပေ။ [صحيح] [رواه البخاري]

ဟဒီးဆ်ကုဒ်စီတွင် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည်မှာအလ္လာဟ်အရှင်မြတ်သည် မုရှ်ရိက်များ၊ကာဖိရ်များနှင့်ပတ်သက်၍အသိပေးမိန့်ကြားထားသည်မှာ ကာဖိရ်၊ မုရှ်ရိက်တို့သည်အလ္လာဟ်အရှင်မြတ်အား မဟုတ်မမှန်ပြောဆိုကြသည့်အပြင် အရှင်မြတ်တွင် လျောနည်းမှုများ၊ချွတ်ယွင်းချက်များရှိသည်ဟု ပြောဆိုကြသည်။ ကာဖိရ်၊ မုရှ်ရိက်တို့သည်ထိုသို့မပြောသင့်ပေ။ အလ္လာဟ်အရှင်မြတ်အား ကာဖိရ်၊ မုရှ်ရိက်များကမဟုတ်မမှန်ပြောဆိုသည့်ကိစ္စရပ်မှာ အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်၊ မုရှ်ရိက်များအားမည်သည့်အစအနမှမရှိဘဲ စတင်ဖန်ဆင်းခဲ့သည့်အတိုင်း ကွယ်လွန်သေဆုံးပြီးနောက်
ကိယာမသ်နေ့၌ နောက်တစ်ကြိမ် ပြန်လည်ဖန်ဆင်းရန်
မတတ်စွမ်းနိုင်ပေဟုထက်မြင်နေကြခြင်းဖြစ်သည်။ အရှင်မြတ်က ဤသို့တုန့်ပြန်တော်မူ၏။မည်သည့်အစအနမှမရှိဘဲ စတင်ဖန်ဆင်းခဲ့သော အလ္လာဟ်အရှင်မြတ်သည် လူသားများအား
တဖန်ပြန်လည်ဖန်ဆင်းရန် တတ်စွမ်းနိုင်သည့်အပြင် ဤသို့ဖန်ဆင်းရန်မှာ
ပို၍လွယ်ကူလှပေသည်။ သို့သော် ဤကိစ္စရပ်များအားလုံးသည်
အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် တန်းတူညီတူဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည်
အရာရာတိုင်းကို တတ်စွမ်းနိုင်တော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူသည်။ ကာဖိရ်၊

□□□□□□□□□□□□□□□□ □□□□□□□□□□□□□□□□□□□□□□ □□□□□□□□ □□□□□□□□□□□□□□□□□□□□